myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

June 26, 2019 Volume 20, Number 18

၂၆.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၁၅၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၉/ကျပ် |
| CBM Rate | = ၁၅၁၇.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၃.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၆၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၀
ဖက်စ် ဝ၁-၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ဖယ်ခုံဒေသမှ စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရန် ကြိုးစားနေ

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်ရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ စိုက်ပျိုးရေး ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်နှင့်ချိတ်ဆက်ပေးရန် British American Tobacco(BAT) မြန်မာကုမ္ပဏီနှင့် DEAR Myanmar (ချစ်သော မြန်မာ) အဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်နေကြောင်းသိရသည်။

အဆိုပါ ကျေးရွာများနေ ပြည်သူများ၏ အဓိကစိုက်ပျိုးရေးထုတ်ကုန်များမှာ ငရုတ်သီး၊ ဖလာနှင့် မှျစ်ချဉ်လုပ်ငန်းများဖြစ်ပြီး၊ ၎င်း လုပ်ငန်းများ အထွက်တိုးစေရန် စိုက်ပျိုးရေးနည်းပညာများ ကူညီထောက်ပံ့ခြင်း၊ စီးပွားရေး အစီအစဉ်များ ရေးဆွဲနိုင်ရန်နှင့် စီမံခန့်ခွဲမှုနည်းပညာများပံ့ပိုးပေးခြင်း၊ မှန်ကန်သောစိုက်ပျိုးရေး နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ထားကြောင်း အသိအမှတ်ပြုလက်မှတ် Good Agricultural Practices (GAP) ရရှိအောင် ဆောင်ရွက်ပေးခြင်းအပြင် တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန်အတွက်များကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါအဖွဲ့ အစည်းများထံမှသိရသည်။

BAT မြန်မာ၏ ဒါရိုက်တာတဦးဖြစ်သော ဒေါ်ခိုင်ဝေသွယ်က အခုအစီအစဉ်မှာ ရွေးချယ်ထားတဲ့ ကျေးရွာတွေဟာ သွားရေးလာရေးခက်ခဲတဲ့ တောင်ပေါ်ရွာတွေ ဖြစ်ပါတယ်။ ဒီနေရာမျိုးတွေက တောင်သူတွေရဲ့ စိုက်ပျိုးရေး၊ ကုန်ချော ထုတ်လုပ်ရေးလိုအပ်ချက်များနဲ့ ဈေးကွက်ရှာဖွေမှုအပိုင်းတွေကို ကူညီဖြည့်ဆည်း လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်ဟုဆိုသည်။ ယင်းဒေသများမှထွက်ရှိသော စိုက်ပျိုးရေး ထုတ်ကုန်များသည် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို အသုံးပြုထားခြင်း မရှိသည့် အော်ဂဲနစ်ထွက်ကုန်များဖြစ်သော်လည်း အသိအမှတ်ပြုလက်မှတ်များ ရရှိထားခြင်းမရှိခြင်းကြောင့် ပြည်တွင်းပြည်ပဈေးကွက်များတွင် ရောင်းချရာတွင် အားနည်းချက်များရှိနေသည်။

ဖယ်ခုံမြို့နယ်အထက်ဖူးလောကျေးရွာမှ ဒေသခံဦးမြချိုက လတ်တလော

အနေအထားအရ တောင်သူတွေဆီကို ကိုယ်တိုင်လာရောက်ဝယ်ယူမယ့်သူ မရှိသေးတဲ့အတွက် ဈေးကွက်ကို မဖောက်နိုင်သေးဘူး။ ဒါကြောင့် တောင်သူတွေက စိုက်ပျိုးဖို့စိတ်ဝင်စားမှုအားနည်းနေတယ်။ အခုလိုအဖွဲ့အစည်းတွေရဲ့ အကူအညီတွေကိုရယူပြီး ဆောင်ရွက်နေရတယ်ဟုပြောသည်။

အဆိုပါ ကူညီမည့်အစီအစဉ်မှာ ဖယ်ခုံမြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်တောင်သူများ၏ မိသားစုဝင် ၅၀၀ ခန့်ကို တိုက်ရိုက် အကျိုးအမြတ်များခံစားရမည်ဖြစ်ပြီး ယင်းအပြင် ကျေးရွာပေါင်း ၂၀ မှ လူဦးရေ ၅၇၇၅ ဦးရေကို ဆင့်ပွားအကျိုးအမြတ် ခံစားနိုင်မည်ဖြစ်သည်ဟုသိရသည်။

Source: https://burma.irrawaddy.com/news/short-news/2019/06/22/195614.html

## ထိုင်းခရီးသွားလုပ်ငန်းတိုးတက်နှုန်း ၄ ဒသမ ၆၅ ရာခိုင်နှုန်းရှိ

ထိုင်းခရီးသွားလုပ်ငန်းကောင်စီက ယခုနှစ်နိုင်ငံခြားခရီးသွား ၄၀ဒသမ ၀၆ သန်း မျှော်မှန်းထားကြောင်း၊ ယခင်နှစ်ကထက် ၄ ဒသမ ၆၅ ရာခိုင်နှုန်း တိုးလာမည်ခန့်မှန်းကြောင်း Bangkok Post သတင်းကဆိုသည်။ ထိုင်းခရီးသွားလုပ်ငန်းကောင်စီ ဥက္ကဋ္ဌ ချိုင်ရတ် ထရီရတ် တန်နာဂျာရက်စ်ပေါင်က အဆိုပါကိန်းဂဏန်းများကို ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်ပြီး၊ တတိယသုံးလကာလအတွက် ခရီးသွားဦးရေ ၉ဒသမ၇၀ သန်း ရှိမည်ဟု ၎င်းကခန့်မှန်းထားရာ နှစ်စဉ်တိုးတက်မှုနှုန်း ၇ ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်သည်။

ဒုတိယ သုံးလကာလအတွက် ခရီးသွားလုပ်ငန်း ကောင်စီ၏ ဆန်းစစ်ချက်တွင် ၎င်းတို့ ယုံကြည်စိတ်ချမှု ညွှန်းကိန်းမှာ ၁၀၀ တွင်ရပ်တည်နေသည်ကို တွေ့ရကြောင်း၊ ယခင်သုံးလပတ်က ခရီးသွား ကဏ္ဍတည်ငြိမ်မှုကို ထင်ဟပ်၍ ဆန်းစစ် ထားခြင်းဖြစ်ကြောင်း မစ္စတာချိုင်ရတ်က ရှင်းပြသည်။ ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းသို့ ပြင်းထန်သောယှဉ်ပြိုင်မှုများ ထိုးဖောက်ဝင်ရောက်လာခြင်းနှင့် ပြည်တွင်းစီးပွားရေးအခြေအနေကြောင့် ဝယ်ယူနိုင်စွမ်းကျဆင်းခြင်းတို့ကို ခရီးသွား လုပ်ငန်းရှင်များက စိုးရိမ်ပူပန်နေကြကြောင်း ၎င်းကပြောသည်။

ခရီးသွားလုပ်ငန်းမြင့်တင်ရန် အခွန်လျှော့ချခြင်းအပါအဝင် အစိုးရ၏ ဈေးကွက်ရှာဖွေရေးစည်းရုံးခြင်းနှင့် ဆွဲဆောင် စရာ မက်လုံးပေးခြင်းတို့အပေါ် ၎င်းကထောက်ခံပြောကြားခဲ့သည်။

Source: https://burma.irrawaddy.com/news/short-news/2019/06/26/196008.html

## တစ်ကမ္ဘာလုံးအကြီးဆုံး လွတ်လပ်သောကုန်သွယ်မှုဇုန်ကို အာဖရိကတိုက်တွင် အခြေစိုက်ဖွင့်လှစ်

Creating One African Market

အာဖရိကတိုက် ကုန်းမြေလွတ်လပ်သော ကုန်သွယ်မှုဇုန် (African Continental Free Trade Area ၊ AFCFTA ဟု အတိုကောက်ခေါ်ဆို သွားမည်။) သဘောတူ စာချုပ် တရားဝင်အကျိုးသက်ရောက်ခဲ့ပြီး ဤသည်မှာ ၁၉၉၅ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထူထောင်ပြီးနောက် တစ်ကမ္ဘာလုံး အကြီး ဆုံး လွတ်လပ်သောကုန်သွယ်မှုဇုန်ဖြစ်ပါသည်။ သုံးသပ်သူများက အာဖရိက တိုက်လွတ်လပ်သော ကုန်သွယ်မှုဇုန်ဆောက်လုပ်ခြင်းမှာ အာဖရိကတိုက် ကုန်းမြေစီးပွားရေးနှင့် ကုန်သွယ်ရေးပုံစံကို ပြောင်းလဲပေးနိုင်မည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံမှာ အာဖရိကတိုက်၏ အရေးကြီးသော ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဖြစ်သည့်အလျောက် အာဖရိကတိုက် လွတ်လပ်သောကုန်သွယ်မှုဇုန်၏ဖြစ်တည်မှုမှာ တရုတ်-အာဖရိက စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေမည် ဖြစ်သည်။

လက်ရှိအချိန်အထိ အာဖရိကတိုက်မှ နိုင်ငံပေါင်း (၅၅)နိုင်ငံအနက် နိုင်ငံပေါင်း(၅၂)နိုင်ငံဖြင့် လွတ်လပ်သောကုန်

သွယ်မှုဇုန်သဘောတူစာချုပ်ကို ရေးထိုးခဲ့ပြီးဖြစ်သည်။ ထိုအနက် သဘောတူစာချုပ် ခွင့်ပြုအတည်ပြုပြီးသောနိုင်ငံမှာ (၂၂) နိုင်ငံရှိပြီဖြစ်ကာ AFCFTA ၏ အကျိုးသက်ရောက်မှုအချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မေလ ၃၀ ရက်နေ့တွင် တရားဝင်အကျိုးသက်ရောက်ပြီးနောက် ဇူလိုင်လ ၇ ရက်နေ့မှစတင်ကာ AFCFTA မှ စတင်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရပါသည်။

အာဖရိကတိုက်ဖွံ့ဖြိုးတိုးတက်မှုဘဏ်မှထုတ်ပြန်သော ကြိုတင်ခန့်မှန်းချက်အစီရင်ခံစာအရ လွတ်လပ်သောကုန်သွယ်မှုဇုန်သည် အာဖရိကနိုင်ငံအကြား ကုန်သွယ်မှုအဆင့်ကို များစွာမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် အာဖရိကသမဂ္ဂနိုင်ငံများအကြားရှိ ကုန်သွယ်မှုအဆင့်မှာ တစ်ဆခန့်မြင့်တက်စေနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ဒေသအတွင်း ကုန်စည်၊ ဝန်ဆောင်မှု၊ ငွေကြေးနှင့် ဝန်ထမ်းများ၏ လွတ်လပ်စွာစီးဆင်းမှု၊ အာဖရိကလွတ်လပ်သောကုန်သွယ်မှုဇုန်၏ ဆောက်လုပ်မှုမှာလည်း အာဖရိကတိုက်အား ပိုမိုများပြားသော ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရရှိစေရန် ဆွဲဆောင်ပေးနိုင်မည်ဖြစ်သည်။ AFCFTA ၏ လွှမ်းမိုးမှုလူဦးရေမှာ (၁.၂)ဘီလီယံရှိပြီး ဒေသတွင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP)မှာလည်း အမေရိကန်ဒေါ်လာ(၂၅၀၀)ဘီလီယံကျော်ရှိပါသည်။ တစ်ခုတည်းဈေးကွက်အတိုင်း အတာကြီးမားခြင်းကြောင့် တစ်ကမ္ဘာလုံး၏ နိုင်ငံဖြတ်ကျော်လုပ်ငန်းများမှာလည်း အာဖရိကတိုက်အပေါ် စိတ်ဝင်စားမှုရှိလာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တစ်ခုတည်းဈေးကွက်ဟုဆိုသည်မှာ ပြည်ပထုတ်ကုန်များ အာဖရိကတိုက်ဈေးကွက်သို့ဝင်ရောက်ပါက အရင်းငွေပိုမိုနည်းပါးစေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်ပရင်းနှီးမြှုပ်နှံမှုအပေါ် ကြီးမားသောဆွဲဆောင်မှုများ ဖြစ်စေမည်ဖြစ်ကြောင်းသိရပါသည်။

Source: https://www.facebook.com/shweliayarnews/

## တရုတ်နိုင်ငံမှ ကျွဲ၊ နွားအကောင်ရေ ငါးသိန်းဝယ်ယူမည်

တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ ကျွဲ၊ နွားအကောင်ရေ ငါးသိန်းတင်ပို့ဖို့ လာရောက်ကမ်းလှမ်းထားတဲ့အတွက် MOU လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိတယ်လို့ ကျွဲ၊ နွားတင်ပို့သူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ရဲ့ ပြောကြားချက်အရ သိရပါတယ်။

တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား ကျွဲ၊ နွားတင်ပို့မှုအတွက် MOU လက်မှတ်ရေးထိုးရန် ကျွဲ၊ နွားကုန်သွယ်မှု ဖွံ့ဖြိုးရေးကြီးကြပ်ကော်မတီကို လာမယ့်နှစ်ပတ်အတွင်း ဖွဲ့စည်းသွားမှာဖြစ်ကြောင်းသိရပါတယ်။ MOU အတွက် သူတို့ဘက်က အဆင့်သင့်ဖြစ်နေပြီ။ ဒါကြောင့် ဒီဘက်မှာ (၁၅) ယောက်နဲ့ အဖွဲ့အစည်းတွေ ဖွဲ့ဖို့လုပ်နေပါတယ်။ ပြီးရင် လိုအပ်မယ့် အချက်အလက်တွေ ထည့်သွင်းရေးဆွဲသွားမှာပါ။ လက်မှတ်ရေးထိုးပြီးရင် အသေးစိတ်အချက်အလက်ရရှိမှာပါလို့ ဦးစိုးနိုင်က ပြောပါတယ်။

ကျွဲ၊ နွားကုန်သွယ်မှုဖွံ့ဖြိုးရေးကြီးကြပ်ကော်မတီကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူ (၅)ဦး၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူ (၅) ဦးကို ရွေးချယ်ပြီးဖြစ်ပေမယ့်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့ရှိ ကျွဲ၊ နွားတင်ပို့သူများအသင်းထဲမှ (၅)ဦး ရွေးချယ်ရန် ကျန်ရှိနေကြောင်းသိရပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် ဇွန်လ (၇) ရက်နေ့အထိ မြန်မာနိုင်ငံမှာ ကျွဲ၊ နွားအရှင်များကို ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း (၃၀၀) ကျော် ရရှိထားကြောင်းသိရပါတယ်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2084-china-buy-buffalo.html



## ကွမ်းသီးပင်၏ အဖက်အလက်များ ပလတ်စတစ်အစားထိုးလူသုံးကုန်ပစ္စည်းအဖြစ်ဖန်တီး



ယခင်က အသုံးမဝင်ခဲ့သော ကွမ်းသီးပင်များ၏ ကွမ်းဖတ်များသည် ယခုတွင်တော့ ပလတ်စတစ်အစားထိုး လူသုံးကုန်ပစ္စည်းအဖြစ် ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ ထုတ်ကုန်များကိုတော့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တဦး ဖြစ်သော Nature Myanmar ကုမ္ပဏီ တည်ထောင်သူ ဦးမင်းကျော်ဇင်က အိုင်ဒီယာရရှိခဲ့ပြီး မီးရှို့ဖျက်ဆီးနေရသည့် ကွမ်းဖတ်ကို ယခုလို ပြောင်းလဲထုတ်လုပ်ခြင်းဖြစ်သည်။

ဒီပစ္စည်းတွေကို လူများအတွက် ကျန်းမာရေး အန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးများဖြစ်ပေါ် စေသည့် ပလတ်စတစ်ပစ္စည်းနေရာတွင် အစားထိုးအသုံးပြုစေလိုသည့် ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွက် ကမ္ဘာ့ဘဏ်က သဘာဝပတ်ဝန်းကျင် အကျိုးပြုလုပ်ငန်း လုပ်ကိုင်နေသည့် မြန်မာနိုင်ငံကိုယ်စားလှယ်ပြုလုပ်ငန်းရှင်တဦး အနေဖြင့် ရွေးချယ်ခံခဲ့ရကာ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ ရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံ လုပ်ငန်းရှင် ၁၅ ဦးကို ရွေးချယ်ခဲ့တာဖြစ်ပြီး ဦးမင်းကျော်ဇင်ဟာ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ရွေးချယ်ခံခဲ့ရခြင်းခံရသည်။

လက်ရှိအချိန်တွင် တခါသုံး ကွမ်းဖတ်ပစ္စည်းပေါင်း ၁၅ မျိုး အထိ ထုတ်လုပ်လျက်ရှိပြီး ယင်းပစ္စည်းများမှာ ထမင်းစားပန်းကန်အမျိုးမျိုး၊ ဇွန်းများ၊ ပန်းကန်လုံးများ၊ ဖော့ဘူးပုံစံ ဗူးများ၊ အချဉ်ထည့်သည့် ခွက်ငယ်လေးများ ဖြစ်ပြီး နောက်ပိုင်းတွင် တခါသုံးထမင်းဗူးများနှင့် ရေခွက်များကိုလည်း ထုတ်လုပ်သွားရန်ရှိသည်ဟုသိရသည်။

**Source:** https://burma.irrawaddy.com/multimedia/photo-essay/2019/06/25/196014.html

## လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်ရှိ ကုမ္ပဏီများ၏ ဈေးကွက်အခြေအနေအရ ပြည်တွင်းဈေးကွက် ဦးစားပေး စက်မှုလုပ်ငန်းရာခိုင်နှုန်း ၆၀ ရှိပြီး ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်း ရာခိုင်နှုန်း ၄၀ ရှိကာ ပြည်တွင်းအတွက် အဓိကထုတ်လုပ်သည့်လုပ်ငန်း ပိုများလာဟုသိရ




လက်ရှိအချိန်၌ သီလဝါအထူးစီးပွားရေးဇုန်တွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကုမ္ပဏီများ၏ ဈေးကွက်အခြေအနေမှာ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်းမှာ ရာခိုင်နှုန်း ၆၀ ရှိပြီး ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်း ရာခိုင်နှုန်း ၄၀ ရှိကာ ပြည်တွင်းဈေးကွက်အတွက် အဓိက ထုတ်လုပ်သည့်လုပ်ငန်း ပိုမိုများပြားလာကြောင်း သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေး စီမံကိန်း၏ ပင်မအဖွဲ့ဖြစ်သည့် မြန်မာသီလဝါအက် (စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှသိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ဈေးကွက်အရကြည့်လျှင် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်း ၃၆ ကုမ္ပဏီ၊ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်း (၆၀) ကုမ္ပဏီနှင့် အခြားကုမ္ပဏီတစ်ခု တို့ဖြစ်ကြသည်။ ကနဦးတွင် ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းရာခိုင်နှုန်း ၇၀၊ ပြည်တွင်းဈေးကွက်ဦးစားပေးစက်မှုလုပ်ငန်း ရာခိုင်နှုန်း ၃၀ ဟူ၍ ခန့်မှန်းခဲ့သော်လည်း လက်ရှိအချိန်တွင် ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းရာခိုင်နှုန်း ၄၀၊ ပြည်တွင်း

ဈေးကွက်ဦးစားပေး စက်မှုလုပ် ငန်းမှာ ရာခိုင်နှုန်း ၆၀ ဟူ၍ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်း၏ ရာခိုင်နှုန်းက ပိုများခဲ့ကြောင်း၊ ၎င်းတို့မှာ မြန်မာနိုင်ငံတွင် ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်မလုံလောက်မှုကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ပါဝင်ကြသည့်ကုမ္ပဏီများကို ဇုန်ကြီးနှစ်ပိုင်းခွဲခြားနိုင်ကြောင်း၊ ပထမတစ်ပိုင်းမှာ ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်း (ကုန်ပစ္စည်း၏ ၇၅ ရာခိုင်နှုန်း)ကို ပြည်ပသို့တင်ပို့ခြင်းဖြစ်ပြီး ကုန်ပစ္စည်း၏ ရာခိုင်နှုန်း ၈၀ ကျော်ကို Free Zone အတွင်းရှိ ပို့ကုန်စီးပွားရေး လုပ်ငန်းသို့ ရောင်းချခြင်းကို ဆိုလိုပြီး ၎င်းကို Free Zone ဟူ၍ ခွဲခြားနိုင်ကြောင်းသိရသည်။ နောက်တစ်ပိုင်းမှာ ပြည်တွင်းဈေးကွက် ဦးစားပေးစက်မှုလုပ်ငန်းဖြစ်ပြီး ၎င်းကို Promotion Zone ဟူ၍ ခွဲခြားနိုင်သည်။

အဆိုပါ ဇုန်နှစ်ပိုင်းစလုံး၏ မြေနေရာ သုံးစွဲငှားရမ်းခွင့်ကာလမှာ အများဆုံး ၇၅ နှစ်ဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်စသည့် ခံစားခွင့်များမှာ ဥပမာအားဖြင့် Free Zone အတွင်းဖြစ်ပါက အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်ဖြစ်ကာ Promotion Zone အတွင်းဖြစ်ပါက ငါးနှစ်ဖြစ်သည့်အတွက် Free Zone အပိုင်းသည် ပိုမိုအကျိုးခံစားခွင့် ရရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အထူးစီးပွားရေးဇုန် သုံးခုအနက် သီလဝါအထူးစီးပွားရေးဇုန်သည် စီးပွားရေးအခွင့်အလမ်းကောင်းများစွာရှိပြီး အချက်အချာကျသည့်အတွက် ပုံမှန်တိုးတက်မှုရှိနေပြီး ဇုန်အတွင်း နိုင်ငံပေါင်း ၁၉ နိုင်ငံ၊ ကုမ္ပဏီပေါင်း ၁၀၈ ခုအထိ ရင်းနှီးမြှုပ်နှံထားလျက်ရှိကြောင်း မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။

**Source:** https://news-eleven.com/article/119288

## ကမ္ဘာ့ရွှေဈေးနှုန်း ၁၄၃၈ ဒေါ်လာဝန်းကျင်အထိ ခုန်တက်၍ ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၁၃၀၀၀၀ ဝန်းကျင်အထိ စံချိန်သစ်တင်ပြီး ဆက်လက်မြင့်တက်



ကမ္ဘာ့ရွှေဈေးသည် ဇွန် ၂၅ ရက်တွင် ၁၄၃၈ ဒေါ်လာ ဝန်းကျင် အထိခုန်တက်ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၁၃၀၀၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက်မြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ပြည်တွင်းရွှေဈေးသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၁ ရက်မှ စတင်ကာ ကျပ် ၉၀၀၀၀၀ အထက် ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း အမြင့်ဆုံးစံချိန်အဖြစ် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါ စံချိန်ကို ၂၀၁၈ ခု နှစ် ဩဂုတ် ၂၃ ရက်တွင် စတင်ကျော်ခဲ့ပြီး စက်တင်ဘာ ၁၁ မှစတင်ကာ ရွှေဈေးနှုန်း စံချိန်သစ်များ ထပ်တင်ခဲ့ကာ စက်တင်ဘာ ၂၀ ရက်တွင် အမြင့်ဆုံး စံချိန်အဖြစ် ကျပ် ၁၀၄၇၇၀၀ အထိဖြစ်ပေါ်ခဲ့သည်။

ထို့နောက် ၂၀၁၈ ခုနှစ် အောက်တိုဘာလဆန်း နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းအဖြစ် ဒီဇင်ဘာ ၄ ရက်တွင် ကျပ် ၉၈၇၀၀၀ အထိ ကျဆင်းခဲ့သည်။ ဒီဇင်ဘာလအတွင်း ကမ္ဘာ့ ရွှေဈေးမြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေး နှုန်း လိုက်ပါမြင့်တက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက် တွင် ကျပ် ၁၀၂၈၀၀၀၊ ဒီဇင်ဘာ ၁၂ ရက်တွင် ကျပ် ၁၀၄၂၀၀၀၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ၁၀၄၅၈၀၀ ဝန်းကျင်ဖြစ်ပေါ်ခဲ့ သည်။ ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်၌ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀၊ ဖြင့်ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက်မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇွန် ၂၁ ရက်တွင် ကျပ် ၁၁၁၅၀၀၀ အထိ စံချိန်တင်ခဲ့ပြီး ဇွန် ၂၅ ရက်တွင် ကျပ် ၁၁၃၀၀၀၀ ဖြင့် စံချိန်သစ် ထပ်တင်ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေးသည် မေလကုန်ပိုင်းတွင် ၁၂၇၉ ဒေါ်လာ ဝန်းကျင်သာရှိပြီး ဇွန်လအတွင်း ဆက်တိုက်မြင့်တက်ခဲ့ရာ

တစ်လနီးပါးအတွင်း ဒေါ်လာ ၁၆၀ ဝန်းကျင်အထိမြင့်တက်ခဲ့ကာ အချို့ရက်များတွင် တစ်ရက်အတွင်း ဒေါ်လာ ၅၀ ကျော် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းကိုပြန်ကြည့်ပါက ၂၀၁၇ ခုနှစ်ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်။ လအလိုက် ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် ၁၁၉၈ -၁၂၃၅ ဒေါ်လာ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် ၁၃၀၇- ၁၃၄၃ ဒေါ်လာ၊ မတ်တွင် ၁၂၉၂- ၁၃၂၂ ဒေါ်လာ၊ ဧပြီတွင် ၁၂၆၉-၁၃၀၉ ဒေါ်လာ၊ မေတွင် ၁၂၇၀-၁၃၀၆ ဝန်းကျင်ဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/119286

## နတ်မောက်နယ်ထွက် စိန်တလုံးသရက် ပြည်တွင်းဈေးကွက်အဝယ်လိုက်နေ



မကွေးတိုင်းဒေသကြီး နတ်မောက်ဒေသထွက် စိန်တလုံးသရက်များကို ပြည်ပသို့ တင်ပို့ရန်အတွက် ပြည်တွင်းဈေးကွက်၌ အဝယ်လိုက်နေကြောင်း သစ်သီး ဈေးကွက်မှသိရသည်။ သစ်သီးပွဲစားတွေက မှုဆယ်ပို့နေတဲ့အတွက် အဝယ် သွက်တယ်။ ဈေးအနေနဲ့ အပင်လိုက်ပုတ်ပြတ်ဝယ်တယ်။ လွန်ခဲ့တဲ့ မေလလယ်က သရက်တစ်ပင်ကို အနိမ့်ဆုံးကျပ်နှစ်သိန်းကနေ အမြင့်ဆုံး ကျပ်နှစ်သိန်း ငါးသောင်း နဲ့ဝယ်ကြတယ်။ အခုဇွန်လနောက်ဆုံးပတ်မှာတော့ တစ်ပင်ကို ကျပ်သုံးသိန်း နှစ်သောင်းနဲ့ဝယ်ပါတယ်။ အသီးအနေအထားပေါ်မူတည်ပြီး ဈေးရှိပါတယ်။ ပြည်တွင်းမှာလည်း ဒေသသီးတွေဖြစ်တဲ့ မနော်၊ ဘုရားကုန်းသရက်တွေက ရာသီကုန်ချိန်မို့ အဝင်နည်းပြီး ဈေးမြင့်နေတာ ပါဟု နတ်မောက်မြို့နယ်မှ သရက်ခြံ ပိုင်ရှင်တစ်ဦးကပြောဆိုသည်။

နတ်မောက်မြို့နယ်ထွက် စိန်တလုံးသရက်ကို တရုတ်သို့တင်ပို့သည့်အပြင် ပြည်တွင်းဈေးကွက်ဖြစ်သော ရန်ကုန်နှင့် စစ်တွေမြို့များသို့ ဂျပ်ဖာများ၊ ခြင်းများဖြင့်ထုပ်ပိုး၍ တင်ပို့နေကြောင်း၊ တရုတ်နိုင်ငံကဝယ်ယူမှုကြောင့် သရက်သီး ဝယ်လိုအားကောင်းပြီး ယင်းဒေသထွက် စိန်တလုံးကို မှုဆယ်ဈေးကွက်၌ သရက်သီးတစ်ခြင်းလျှင် ယွမ် ၁၀၀ မှ ၁၄၀ အထိ ဈေးရရှိနေကြောင်း သရက်ပွဲစားများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/124857.html

## STOCK EXCHANGE (26.6.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 26th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,500 | +500 | +4.17% | 12,000 | 12,500 | 12,000 | 116 | 1,392,500 | 27,112,747 | 338,909 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 1,137 | 3,916,800 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 24,500 | +500 | +2.08% | 24,500 | 24,500 | 24,500 | 53 | 1,298,500 | 2,472,053 | 60,565 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 1,354 | 4,062,000 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 476.58 | +9.41 | +2.01% | 468.07 | 476.58 | 468.07 | 2,660 | 10,669,800 | 5 | 650,640 |

**Index chart**




# Market Overview

As of 1:00 pm, 26th Jun. 2019

| MYANPIX | 476.58 ▲ 9.41 |
|---|---|
| Total Volume (shares) | 2,660 |
| Total Value (MMK) | 11 mil |
| Listed Company | 5 |
| Market Cap. (MMK) | 650,640 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 500 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 0 |